## *"အမေရိက ကနေသည်ကို ကျွန်ုပ်တွေ့သည်"။ ။*
## *အမေရိကန် ခေတ်ပေါ်အကသမိုင်း*

**နိဒါန်း**

အမေရိကဟာ အကနဲ့ ကြီးထွားလာပါတယ်။ အမေရိကန်လမ်းပေါ်ကနေ ဇာတ်စင်ပေါ်ကို နေ့တိုင်းတွေ့နေရတဲ့ လက်ဟန် ခြေဟန်တွေ၊ လူမှုရေးအကတွေ၊ ယဉ်ကျေးမှုမှာပါတာတွေ၊ လူမှုရေးနဲ့ နိုင်ငံရေး အကြောင်းအရာတွေနဲ့ ဝိဉာဉ်ရေးရာတွေ အကက တင်ဆက်ပါတယ်။  ဒီအရင်းအမြစ်တွေက – လွတ်လပ်မှု၊ စွန့်စားမှု၊ စူးစမ်းမှုနဲ့ ဇွဲတို့နဲ့ပေါင်းပြီး – အမေရိကန် ခေတ်ပေါ်အက ပုံဖော်ခဲ့ပါတယ်။ လှုပ်ရှားမှုဝေါဟာရ အမျိုးမျိုး၊ တဦးစီရဲ့ ကကွက်ဖန်တီးမှုနဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှုအကြောင်းအရာတွေနဲ့ အမေရိကန် ခေတ်ပေါ်အကဟာ အစားမထိုးနိုင်တဲ့ စံနဲ့ နိုင်ငံတော်ရဲ့ ရတနာတခုဖြစ်ပါတယ်။

၁၉၀၀ အစောပိုင်းကာလတွေမှာ စတင်မွေးဖွားလာစဉ်ကတည်းက အမေရိကန် ခေတ်ပေါ်အကဟာ ယဉ်ကျေးမှု မဏ္ဍိုင်တရပ် ဖြစ်ပြီး နိုင်ငံခြားမှာ အမေရိကန်ယဉ်ကျေးမှုအတွက် အရေးပါတဲ့ ကိုယ်စားပြုမှုတရပ်ဖြစ်ပါတယ်။ မျိုးဆက်တွေက မိမိတို့ကို လမ်းပြပေးသူတွေအပေါ် အခြေခံရင်း ဒါမှမဟုတ် ပုန်ကန်ရင်း ဒီအကမျိုးဟာ တီထွင်မှုနဲ့ ဆန်းသစ်တဲ့ မျိုးဆက်ဖန်တီးလိုက်ပါတယ်။ သမိုင်းက ဖော်ပြသလို ဒါဟာ သတ်သတ်မှတ်မှတ်ရှိတဲ့ပုံစံမဟုတ်ဘဲ တခုခုတွေ့ရှိဖို့ အဆက်မပြတ် ပြောင်းလဲနေပြီး လူသားတွေရဲ့ လှုပ်ရှားမှုအလားအလာကို ရှာဖွေနေပါတယ်။

DanceMotion USA℠ ရဲ့ အကကို တီထွင်သူတွေဟာ ဒီကြွယ်ဝတဲ့အစဉ်အလာရဲ့ တစိတ်တဒေသဖြစ်ပါတယ်။ ဒီအစီအစဉ် ထုတ်လုပ်သူ Brooklyn Academy of Music (BAM) ဟာ အမေရိကန်ခေတ်ပေါ်အကက အရေးပါသူတွေရဲ့ အလုပ်တွေကို တင်ဆက်ခဲ့ပြီး ဒီအဖွဲ့တွေကို ကိုယ်စားလှယ်တွေအနေနဲ့ ရွေးချယ်ခဲ့ပါတယ်။ **ရော်နယ် ကေ ဘရောင်း (Ronald K. Brown)** နဲ့ **Evidence, A Dance Company** တို့က "**…**အကနဲ့ ပုံပြောတာတို့ကတဆင့် အာဖရိက အသိုင်းအဝိုင်းမှာ လူသားတွေရဲ့ အတွေ့အကြုံကို နားလည်ဖို့ မြှင့်တင်ပေးပြီး **…** သမိုင်းနဲ့ ရိုးရာတို့ကို ဂီတ၊ လှုပ်ရှားမှုနဲ့ ပြောစကားတို့နဲ့ ဆက်စပ်ပေးပါတယ်" **ဘရင်ဒါဝေ** (**Brenda Way) နဲ့ ODC/Dance** တို့က "**…**ပရိတ်သတ်တွေကို အတွေးအခေါ်တွေပေးဖို့ ၊ အနုပညာရှင်တွေ ဖော်ထုတ်ဖို့၊ လူမှုအသိုင်းအဝိုင်းနဲ့ ပူးပေါင်းပြီး အက၊ သင်တန်းနဲ့ လမ်းပြမှုတို့ကတဆင့် ကွဲပြားမှုတွေဖြစ်စေပြီး ကွဲပြားမှုတွေပါဝင်အောင် ကြိုးပမ်း[တဲ့]အစီအစဉ်တွေ" ပေးပါတယ်။ **ဂျဝိုးလေ ဝီလာ ဂျို ဇိုလာ** (**Jawole Willa Jo Zollar**) ရဲ့ **Urban Bush Women** က "**…** ခေတ်ပေါ်အကကို ဂီတ၊ စာသားတို့နဲ့ပေါင်းစပ်ပြီး အာဖရိက အမေရိကန်နဲ့ အာဖရိကန် အသိုင်းအဝိုင်းတွေရဲ့ သမိုင်း၊ ယဉ်ကျေးမှုနဲ့ ဝိဉာဉ်ရေးရာ ရိုးရာတွေကို မီးမောင်းထိုးပြပါတယ်။"[၂]

သူတို့ရဲ့အရေးပါပုံကို နားလည်ဖို့ သူတို့ရဲ့အလုပ်ကို အမေရိကန် ခေတ်ပေါ်အကတွေရဲ့ အဓိကခေတ်တွေအရ ကြည့်ဖို့လိုပါတယ်။ ဒီဆောင်းပါးမှာ ဒီအဆင့်တွေကိုပြဖို့ ကကွက်ဖန်တီးသူတချို့ကို ရွေးထားပါတယ်။ DanceMotion USA℠ ကကွက် ဖန်တီးသူ နှစ်ယောက် (ဘရောင်းနဲ့ ဇိုလာ) တို့ဟာ ခေတ်ပေါ် အကမှာ အာဖရိက အမေရိကန် ရိုးရာမှာ ရှိနေပါတယ်။ ဒီအကြောင်း အထူး အလေးပေးထားပါတယ်။

### အစ (၁၉၀၀ ခုနှစ် အစောပိုင်း)။ ။ ရှေးဦးစွန့်စားသူများ
### *စံပြ။ ။ အစ်ဇဒိုးရား ဒန်ကင် (Isadora Duncan)*

*"လူ့ခြေထောက်အလှရဲ့ ဘာသာတရားကို ကျမ ယုံကြည်ကိုးကွယ်ပါတယ်"* ~ အစ်ဇဒိုးရား ဒန်ကင် (Isadora Duncan)[၃]

အမေရိကန် ခေတ်ပေါ်အကဟာ ပိုကျယ်ပြန့်တဲ့ယဉ်ကျေးမှုစွမ်းအားတွေနဲ့ ဆက်စပ်နေပြီး ကိုယ်နဲ့စိတ်တို့ရဲ့ လွတ်လပ်မှု အတွေးအခေါ်၊ မိမိကိုယ်ကို ဖော်ပြမှုကို ရှာဖွေမှုနဲ့ အမေရိကရဲ့ အလားအလာအများအပြားတို့ရဲ့ လမ်းညွှန်မှုကြောင့်ပေါ်လာတဲ့ စံထားမှုတွေ၊ ပုန်ကန်မှုတွေကနေ အခြေခံလာပါတယ်။ မူရင်းအခြေခံကို **အစ်ဇဒိုးရား ဒန်ကင်** (၁၈၇၇–၁၉၂၇) မှာတွေ့နိုင်ပါတယ်။ ဘဲလေးနဲ့ ခေတ်ပေါ် ဖျော်ဖြေမှုတွေကို ဆန့်ကျင်တုံ့ပြန်ပြီး သူမဟာ သဘာဝကျတဲ့လှုပ်ရှားမှုကို ရှာဖွေဖို့နဲ့ အကကို အတွေးအခေါ်နဲ့ ခံစားချက်တွေ ဖော်ပြတဲ့ လေးနက်တဲ့အနုပညာပုံစံအဖြစ် မြှင့်တင်ဖို့ ကြိုးစားပါတယ်။  သူ့အကဟာ လူမှုအဖွဲ့အစည်းကို ပြောင်းလဲမှုနဲ့ – အထူးသဖြင့် အမျိုးသမီးရပိုင်ခွင့်နဲ့ပတ်သက်ပြီး– ဆက်စပ်နေပါတယ်။ အမေရိကန်ဖြစ်ပေမဲ့ ဒန်ကင်ဟာ အဓိကအားဖြင့် သူကျောင်းတွေ တည်ထောင်ခဲ့တဲ့ ဥရောပမှာ အဓိက ကပြတင်ဆက်ခဲ့ပါတယ်။ – အဲဒီကနေ နိုင်ငံတကာ လွှမ်းမိုးမှုကွန်ယက်

စတင်ခဲ့တာပါ။

တခြားတီထွင်သူတွေထဲမှာ လိုဝီ ဖူလာ (Loie Fuller)၊ မောဒ် အယ်လင် (Maud Allan) ၊ **ရုသ် စိန့် ဒဲနစ် (Ruth St. Denis)** (၁၈၇၉–၁၉၆၈) နဲ့ **တက် ရှောန် (Ted Shawn)** (၁၈၉၁–၁၉၇၂) တို့ ပါပါတယ်။ စိန် ဒဲနစ်နဲ့ ရှောန်တို့က စိတ်ကူးရဖို့ တခြားဂီတနဲ့ ယဉ်ကျေးမှုတွေဖက်လှည့်ပြီး အကက ဂီတရဲ့အရည်အချင်းကို ဖော်ပြတဲ့ "ဂီတကို မြင်အောင်လုပ်ခြင်းတွေ" တီထွင်ခဲ့ပါတယ်။ ဌာနေအမေရိကန်၊ မြောက်အာဖရိကန်၊ စပဲနစ်ရှ်နဲ့ အာရှပုံစံတွေ အပါအဝင်– အကအမျိုးမျိုးနဲ့ တခြားယဉ်ကျေးမှုဓလေ့တွေကို အနက်ကောက်ပြီး ကကွက်ဖော်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု နေရာအနှံ့ လှည့်လည် ဖျော်ဖြေပြီး အမေရိကန်တွေကို အကနဲ့ တခြားယဉ်ကျေးမှုတွေ အသိပေးခဲ့ပါတယ်။

ရှောန်ဟာ အမျိုးသားတွေအတွက် အကကို လေးစားထိုက်တဲ့အလုပ်အကိုင်တရပ်ဖြစ်အောင် ကြိုးစားခဲ့ပြီး အမျိုးသားကချေသည် အဖွဲ့ တခု တည်ထောင်ခဲ့ပါတယ်။ စိန်ဒဲနစ်နဲ့ ရှောန်တို့က အိမ်ထောင်ပြုလိုက်ကြပြီး Denishawn ကျောင်း ကာလီဖိုးနီးယားမှာနဲ့ (နောင်မှာ နယူးယောက်မှာ) ထောင်လိုက်ပါတယ်။ ဘဲလေးကို ဆန့်ကျင်ပြီး "သစ်"ပြီး "သဘာဝကျတဲ့" ကနည်းတွေ ရှာဖွေခဲ့ပါတယ်။ ၁၉၃၃ ခုနှစ် မာဆာချူးဆက်မှာ ရှောန်ဟာ Jacob's Pillow အကပွဲတော်ဖြစ်သွားတဲ့ [၄] အကလှုပ်ရှားမှု လုပ်ခဲ့ပါတယ်။ အခုထိ ခေတ်ပေါ်အကရဲ့ အရေးပါတဲ့ တင်ဆက်မှုဖြစ်တဲ့ ဒီပွဲတော်ဟာ DanceMotion USA℠ အဖွဲ့ သုံးခုစလုံးကို တင်ဆက်ခဲ့ပါတယ်။

**တွေ့ရှိရာလမ်း (၁၉၂၀–၃၀ ခုနှစ်များ)။ ။ ပထမ မျိုးဆက်**

***စံပြ။ ။ မာသာ ဂရေဟမ် (Martha Graham) နဲ့ ကက်သရင်း ဒန်းဟမ် (Katherine Dunham)***

*"[ဂရေဟမ်]က ဘဲလေးက ရာစုနှစ်ပေါင်းများစွာကြာအောင် ဖန်တီးရတဲ့ ခက်ခဲပြီးရှုပ်ထွေးတဲ့ နည်းတရပ်ကို တီထွင်ပြောင်းလဲခဲ့ပါတယ်။"* [၅]

*"လူဖြူအမျိုးသားတွေကိုရော နီဂရိုးတွေအတွက်ပါ အရေးကြီးတဲ့နည်းတရပ် "[ကျမ] ဖန်တီးချင်ပါတယ်… ကျမတို့အကကို ဘာလက်စ်ကနေ ထုတ်ယူလိုက်ဖို့– ပိုသိက္ခာရှိတဲ့အနုပညာဖြစ်စေဖို့ပါ။"* ~ ကက်သရင် ဒန်းဟမ် [၆]

(Denishawn) သင်တန်းဆင်း **မာသာဂရေဟမ်** (၁၈၉၄–၁၉၉၁)၊ **ဒေါရစ် ဟမ်ဖရီ (Doris Humphrey)** (၁၈၉၅–၁၉၅၈)နဲ့ **ချားလ်စ် ဝိုဒ်မန် (Charles Weidman)** (၁၈၉၁–၁၉၇၂) တို့ဟာ ၁၉၂၀ ခုနှစ်တွေ အလယ်ပိုင်းလောက်မှာ ကျောင်းကထွက်လိုက်ပြီး ကိုယ်ပိုင်အကတွေလုပ်ပါတယ်။ ကနည်းအသစ်တွေနဲ့ လှုပ်ရှားမှုအပေါ် အတွေးအခေါ်အသစ်တွေ ဖန်တီးဖို့ ၎င်းတို့ရဲ့ ဆရာတွေရဲ့ ပုံစံနဲ့ အတွေးအခေါ်ကို ငြင်းပယ်ခဲ့ပါတယ်။ ခေတ်ပေါ်အကမှာ အမြဲတွေ့ရတဲ့ ကိုယ်ပိုင်ပြောဆိုချက်နဲ့ အမေရိကန်ဘဝကိုဖော်ပြချက်ဖြစ်တဲ့ အကမျိုး ဖန်တီးချင်ခဲ့ကြပါတယ်။

ဂရေဟမ်က အသက်ရှူတဲ့အခါ "ကျုံ့တာ"နဲ့ "လွှတ်တာ"တို့ကို အလေးထားပြီး အကဟာ ဝိညာဉ်ရဲ့ "အတွင်း သဘာဝရှုခင်း" ကို ဖော်ပြပြီး ပုံတွေပြောနိုင်တယ်လို့ ယုံကြည်ပါတယ်။ သူ့ရဲ့အကတွေမှာ အမေရိကန်ဖြစ်မှု ကိုအခြေခံတဲ့ (*Frontier*) နဲ့ (*Appalachian Spring*)၊ ဂရိဒဏ္ဍာရီတွေ (*Clytemnestra*)၊ ခံစားမှု (*Lamentation*) နဲ့ သမိုင်း (the life of Joan of Arc, *Seraphic Dialogue*) တို့ကို အခြေခံတဲ့ အကတွေ ပါပါတယ်။ သူ့အဖွဲ့နဲ့ ကျောင်းတို့က သူဆုံးပြီးနောက် ဆက်တည်ရှိနေပါတယ်။

ဟမ်ဖရီနဲ့ ဝိုဒ်မန်တို့က ကျောင်းတကျောင်းနဲ့ အဖွဲ့တဖွဲ့ တည်ထောင်ခဲ့ကြပါတယ်။ ဒန်ကင်နဲ့ ဂရေဟမ်လိုပဲ ဟမ်ဖရီရဲ့ နည်းက သဘာဝကို သုံးသပ်ရာက ပေါ်လာပါတယ်။ ကမ္ဘာမြေကြီးရဲ့ ဆွဲအားကို ကိုယ်ခန္ဓာရဲ့ တုံ့ပြန်မှုဖြစ်တဲ့ "ကျခြင်းနဲ့ ပြန်ထခြင်း" တို့မှာ သူဟာ မြင့်မားတဲ့ခံစားမှုတွေ့ပါတယ်။ ဟမ်ဖရီဟာ *The Art of Making Dances* စာအုပ်မှာ ကကွက်စည်းမျဉ်းတွေကို မြှင့်တင်ခဲ့ပါတယ်။ ဟမ်ဖရီ–ဝိုဒ်မန်က အမေရိကန်အကြောင်းအရာတွေ (*The Shakers*)၊ လူမှုရေးအကြောင်းအရာတွေ (*Lynchtown*) နဲ့ လူမှုရေး ညီညွတ်မှု (*New Dance*) တို့မှာ အခြေခံကြပါတယ်။

ဥရောပမှာ (အဓိကအားဖြင့် ဂျာမနီမှာ) ***Ausdruckstanz*** လို့ခေါ်တဲ့ အရေးကြီးတဲ့ လှုပ်ရှားမှု ဒါမှမဟုတ် အကဖော်ပြမှုက အမေရိကန်အကအပေါ် လွှမ်းမိုးနေပါတယ်။ ခေါင်းဆောင်တွေက ရုဒေါ့ဖ် ဗွန် လေဘန် (Rudolf von Laban) နဲ့ သူ့ကျောင်းသားတွေ ကတ် ဂျူးစ် (Kurt Jooss) နဲ့ မေရီ ဝစ်မန် (Mary Wigman) တို့ဖြစ်ပါတယ်။ ဝစ်မန်ရဲ့ ကျောင်းသူ **ဟာနယာ ဟုမ်း** (**Hanya Holm**) (၁၈၉၃–၁၉၉၂) က ၁၉၃၁ ခုနှစ်မှာ ယူအက်စ်ကို ရောက်လာပြီး ဒီခေတ်ပေါ်အကကို ယူခဲ့ပါတယ်။ ဂရေဟမ်နဲ့ ဟမ်ဖရီ–ဝစ်မန်တို့နဲ့ သူမဟာ ၁၉၃၀–၄၀ ခုနှစ်တွေမှာ ခေတ်ပေါ်အကမှာ "ကြီးလေးကြီး"ထဲမှာ တယောက် အပါအဝင် ဖြစ်လာပါတယ်။ DanceMotion USA<sup>SM</sup> ရဲ့ ကကွက်ဖန်တီးသူ ရော်နယ် ကေ ဘရောင်းဟာ ဟုမ်းနဲ့ ဂရေဟမ်တို့ရဲ့ ကျောင်းသူတယောက်ဖြစ်တဲ့ မေရီ အန်ထနီနဲ့ သင်ကြားခဲ့ပါတယ်။

၁၉၃၀ ခုနှစ်တွေမှာ ခေတ်ပေါ်အကဟာ ခေတ်ရှေ့ပြေးအဖြစ်ကနေ အများလက်ခံတဲ့ အနုပညာပုံစံ ဖြစ်သွားပါတယ်။ တက္ကသိုလ်တွေက ကာယပညာ ဒါမှမဟုတ် သရုပ်ဖော်အနုပညာဌာနတွေမှာ ထည့်လာပါတယ်။ ဗာမောင့်က **ဘယ်နင်တန် ကောလိပ်**က ဘယ်နင်တန် နွေရာသီအကကျောင်း (၁၉၃၄–၁၉၄၂) မှာ ဂရေဟမ်၊ ဟမ်ဖရီ–ဝစ်မန်နဲ့ ဟုမ်းတို့နဲ့ ပွဲတွေလုပ်ပြီး လုပ်ငန်းခွင် သင်တန်းတိုတွေ လုပ်ပြီး ကချေသည်တွေ၊ ကကွက်ဖန်တီးသူတွေနဲ့ ဆရာဆရာမတွေကို သင်တန်းတွေ ပေးခဲ့ပါတယ်။ ဒဲနစ်ရှောန်ရဲ့ ဂီတဒါရိုက်တာနဲ့ အကဖွဲ့စည်းမှုမှာ ပါဝင်တဲ့ လူးဝစ် ဟော့စ် (Louis Horst) (၁၈၈၄–၁၉၆၄) က မာသာ ဂရေဟမ်နဲ့ ရင်းနှီးပြီး တက္ကသိုလ်တွေ၊ အကကျောင်းတွေနဲ့ ပွဲတွေမှာ သင်ပေးခဲ့ပါတယ်။ အမေရိကမှာ တက္ကသိုလ်တွေက အကစီစဉ်ရာမှာနဲ့ အကတင်ဆက်ရာတို့မှာလည်း ရှေ့တန်းက ရှိခဲ့ပါတယ်။ DanceMotion USA<sup>SM</sup> ရဲ့ ကကွက်ဖန်တီးသူ ဘရင်ဒါဝေဟာ ၁၉၇၆ ခုနှစ် ဆန်ဖရန်စစ္စကို မပြောင်းခင် ၁၉၇၁ ခုနှစ်မှာ အိုဟိုင်းအိုးက အိုဘာလင်ကောလိပ်မှာ ODC/Dance တည်ထောင်ခဲ့ပါတယ်။[၇]

တပြိုင်နက်တည်းမှာပဲ အာဖရိက အမေရိကန်တွေဟာ အမေရိကန်ခေတ်ပေါ်အကမှာ လူမည်းရိုးရာ အခြေစိုက်နေပါတယ်။ ဟာလမ် ယဉ်ကျေးမှုပြန်လည်တည်ထောင်တဲ့ကာလမှာနဲ့ ပေါ်ပေါ်ထင်ထင် လူမျိုးရေးခွဲခြားတဲ့ကာလတို့မှာ တီထွင်သူ **ဟမ်စလီ ဝင်းဖီးလ်** (**Hemsley Winfield**) (၁၉၀၆–၁၉၃၄)၊ **အက်ဒ်နာ ဂိုင်း (Edna Guy)** (၁၉၀၇—၁၉၈၂) (ဒဲနစ်ရှောန်မှာ လည်း သင်ကြားခဲ့သူ)နဲ့ စီရာရာ လီယွန်းမှာ မွေးခဲ့တဲ့ **အစာဒါတာ ဒါဖိုးရာ (Asadata Dafora)** (၁၈၉၀-၁၉၆၅) တို့က ကကွက် ဖန်တီးရင်း၊ ထုတ်လုပ်ရင်းနဲ့ အက၊ ကဇာတ်နဲ့ အော်ပရာတို့ တင်ဆက်ရင်း နာမည်ရလာခဲ့ကြပါတယ်။ ဝင်းဖီးလ်နဲ့ ဂိုင်းတို့က ၁၉၃၁ မှာ နယူးယောက်မှာ (*The first Negro dance recital in America*) လို့ခေါ်တဲ့ တင်ဆက်မှုလုပ်ခဲ့ပြီး ဒါဖိုရာက အာဖရိက အကြောင်းအရာတွေနဲ့ လှုပ်ရှားမှုတွေကို သူ့ကဇာတ်တွေမှာ တင်ဆက်ခဲ့ပါတယ်။

**ကက်သရင်း ဒန်ဟမ် (Katherine Dunham)** (၁၉၀၉-၂၀၀၆) ဟာ (Ballet Negre) လို့ခေါ်တဲ့ ခေတ်ပေါ် အကအဖွဲ့ တည်ထောင်ခဲ့ပါတယ်။ ကရစ်ဘီယန်း အာဖရိကန် အသိုင်းအဝိုင်း – အထူးသဖြင့် ဟေတီ – အကတွေကို သုတေသန လုပ်ခဲ့ပါတယ်။ အာဖရိက အကကိုအခြေခံတဲ့ လွှမ်းမိုးမှုရှိတဲ့ နည်းတခု ဖန်တီးခဲ့ပြီး အီလီနွိုင်းပြည်နယ် အရှေ့ စိန့်လူးဝစ်မှာ လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှုမှာ တက်တက်ကြွကြွပါဝင်တဲ့ ကျောင်းတကျောင်း တည်ထောင်ခဲ့ပြီး သူမရဲ့ ဆွေစဉ်မျိုးဆက်က ဇာတ်လမ်းတွေကို စင်ပေါ်တင်ခဲ့ပါတယ်။ ဥပမာတွေထဲမှာ *Haitian Suite, L'Ag'Ya* နဲ့ *Barrelhouse Blues* တို့ ပါပြီး ***Stormy Weather*** ရုပ်ရှင်အတွက် ကကွက် ဖန်တီးခဲ့ပါတယ်။ တယ်လီ ဘီးတီး (Talley Beatty)၊ လာဗီးနီးယား ဝီလီယမ် (Lavinia Williams)၊ ဗာနိုယေ အိုက်ကင်း (Vanoye Aikens)၊ စီဗီယာ ဖော့ (Sylvia Fort)၊ ကမီး ယားဘရိုး (Camille Yarbrough)နဲ့ ဝေါ်လတာ နစ် (Walter Nicks) တို့လို လူမည်း ရိုးရာက ကကွက်ဖန်တီးသူတွေ အပေါ် လွှမ်းမိုးခဲ့ပါတယ်။ ဒန်းဟမ်းရဲ့ နည်းကို ဒီနိုင်ငံတဝှမ်းလုံးမှာ ဆက်ပြီး သင်ကြားနေပါတယ်။

ကချေသည်နဲ့ ကကွက်ဖန်တီးသူ **ဟယ်လင် တာမီရစ် (Helen Tamiris)** (၁၉၀၅-၁၉၆၆) ဟာ အာဖရိက အမေရိကန် မဟုတ်ပေမဲ့ (***Negro Spirituals***) ဆိုတဲ့ ကကွက်တင်ဆက်မှုတွဲဆက်အတွက် နာမည်ကြီးပါတယ်။ ၁၉၃၀ ခုနှစ်တွေ စီးပွားရေး ကျဆင်းချိန်တုန်း ယူအက်စ် အစိုးရက ထောက်ပံ့တဲ့ နိုင်ငံတော် အကအစီအစဉ် တည်ထောင်ခဲ့ပါတယ်။ ဟာနယာ ဟုမ်းရဲ့ ကျောင်းသားတွေ တည်ထောင်ခဲ့တဲ့ လူမှုရေးအသိရှိတဲ့ (New Dance Group) ဟာ သူတို့ကိုယ် သူတို့ "**…**ဆင်းရဲမှု၊ ဖက်ဆစ်ဝါဒ၊ ဆာလောင်မှု၊ လူမျိုးရေးခွဲခြားမှုနဲ့ သူတို့ခေတ်က မတရားမှုအမျိုးမျိုးကို ဆန့်ကျင်သူ အနုပညာတီထွင်ရေးသမားတွေ"လို့ ကြေငြာခဲ့ပါတယ်။[၈] ဒီအဖွဲ့ဟာ ဂရေဟမ်၊ ဟမ်ဖရီ–ဝစ်မန်နဲ့ လူမည်းရိုးရာတို့နဲ့ ဆက်စပ်နေတဲ့ ကကွက်ဖန်တီးသူတွေကိုပါ ထည့်လိုက်ပါတယ်။ ဒီကာလမှာ **လက်စတာ ဟော်တင် (Lester Horton)** ကဇာတ်ရုံကိုလည်း တည်ထောင်ခဲ့ပါတယ်။

ဟော်တင် (၁၉၀၆–၁၉၅၃) ဟာ သူနေတဲ့ လော့စ်အင်းဂျလစ်၊ ကာလီဖိုးနီးယားက တိုင်းရင်းသားတွေရဲ့ လှုပ်ရှားမှုကို အခြေခံခဲ့ပြီး ပထမဆုံး လူမျိုးအမျိုးပါဝင်တဲ့ ယူအက်စ် အကအဖွဲ့တည်ထောင်ခဲ့ပါတယ်။

အကဝေဖန်မှု စတင်ပေါ်ပေါက်လာပြီး သတင်းစာတွေမှာ ဝေါ်တာ တယ်ရီ (Walter Terry)၊ အက်ဒွင် ဒင်ဘီ (Edwin Denby) နဲ့ ခေတ်ပေါ် အကချံပီယန် ဂျွန်မာတင် (John Martin) တို့လို ဝေဖန်ရေးသမားတွေအတွက် နေရာပေးထားပါတယ်။ ဝေဖန်ရေးသမားတွေက အကသမိုင်း မှတ်တမ်းရေးပြီး အကအသစ် အကြောင်းပြည်သူတွေကို ပညာပေးပြီး ခေတ်ပေါ်အကကို လေးစားဖို့ ပိုမိုကျယ်ပြန့်တဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှုအခြေအနေ ဖန်တီးပါတယ်။ ထင်ရှားတဲ့ဝေဖန်ရေးသမားတွေထဲမှာ ဂျီးလ် ဂျွန်စင် (Jill Johnston) (ပို့စ်မော်ဒန်ဝါဒ)၊ အာလင်း ခရော့ (Arlene Croce)၊ ဒယ်ဘရာ ဂျိုးဝစ် (Deborah Jowitt)၊ အာနာ ကစ်စဲလ်ဂေါ့ဖ် (Anna Kisselgoff)၊ ဂျုံး အစိုစယ်လာ (Joan Acocella) နဲ့ မာစီယာ စီးဂဲလ် (Marcia Siegel) အပါအဝင်တို့က ပိုလေးနက်တဲ့ သုံးသပ်မှုပေးပါတယ်။

## ခေတ်ပေါ်အမေရိကန်အကရဲ့ မျက်နှာအမျိုးမျိုး (၁၉၄၀–၅၀ ခုနှစ်များ)။ ။ ဒုတိယ မျိုးဆက်

## *စံပြ။ ။ ပဲလ် ပရီးမတ်စ် (**Pearl Primus**) နဲ့ မဲ့စ် ကန်းနင်းဟမ်း (**Merce Cunningham**)*

*"၁၉၅၀ ခုနှစ်တွေမှာ ခေတ်ပေါ်အကအဖွဲ့တွေမှာ လူမည်းကချေသည် တွေကို ပိုပြီးလက်ခံလာတာနဲ့ အမျှ အမေရိကမှာ လူမည်းအတွေ့အကြုံကို ရှာဖွေဖော်ပြဖို့ လူမည်းကကွက်ဖန်တီးသူတွေပေါ်လာပါတယ်။"*[၉]

*"အကကို အမြဲပြောင်းလဲနေတဲ့ဘဝလို့ သဘောထားပါတယ်။"* ~ ***မဲ့စ် ကန်းနင်းဟမ်း*** (Merce Cunningham)[၁၀]

၁၉၅၀ ခုနှစ်တွေမှာ အဖွဲ့ကြီးတွေက ကချေသည်တွေက ကိုယ်ပိုင်အဖွဲ့တွေ ဖွဲ့ကြပါတယ်။ တချို့က သူတို့ဆရာတွေပုံစံအတိုင်း လုပ်ကြပါတယ်။ ဂရေဟာမ်ပုံစံမှာ။ ။ ပဲလ် လန်း (Pearl Lang)၊ စိုဖီ မာစလို (Sophie Maslow) နဲ့ ဂျိန်း ဒဒ်လီ (Jane Dudley) တို့ပါပါတယ်၊ ဟမ်ဖရီ–ဝစ်မန် ဓလေ့မှာ။ ။ ဟိုဇေး လီမုန်း (José Limón)၊ စီဘီလ် ရှဲရား (Sybil Shearer) နဲ့ ကက်သရင်း လစ် (Katherine Litz) တို့ပါပြီး ဟုမ်း ဓလေ့မှာ။ ။ ဗဲလရီ ဘက်တစ် (Valerie Bettis)၊ အယ်လ်ဝင် နစ်ကိုလေ့စ် (Alwin Nikolais)နဲ့ သူ့ကျောင်းသား မရေး လူးဝစ် (Murray Louis) တို့ ပါပါတယ်။

**ဟိုဇေး လီမုန်း (José Limón) (**၁၉၀၈-၁၉၇၂**)** ဟာ ဟမ်ဖရီ–ဝစ်မန်တို့ရဲ့ တပည့်တယောက်ဖြစ်ပါတယ်။ ဟမ်ဖရီအက အများအပြားကို ဒီအဖွဲ့မှာ တင်ဆက်ပြီး ဆက်ပြီး သရုပ်ဖော်နေတုန်းပါပဲ။ လီမုန်းဟာ သူ့ရဲ့ မက်စီကန် နောက်ခံရှုထောင့်တွေ (*La Malinche*, *Carlota*) ကို အခြေခံပါတယ်။ တခြား နာမည်ကျော်အလုပ်တွေမှာ *The Moor's Pavane* နဲ့ *There is a Time* တို့ပါပါတယ်။ **အယ်လ်ဝင် နစ်ကိုလေ့စ် (Alwin Nikolais) (**၁၉၁၂-၁၉၉၃**)** နဲ့ **မာရေး လူးဝစ် (Murray Louis) (**မွေးနှစ် ၁၉၂၆**)** တို့ရဲ့ အလုပ်တွေမှာ သူတို့ဆရာ ဟန်ယာ ဟုမ်းရဲ့ ဂျာမန် လွှမ်းမိုးမှုကို တွေ့ရပါတယ်။ ဒါပေမဲ့ အထောက်အကူတွေ၊ အဝတ်အစားတွေ၊ အလင်းရောင်တွေနဲ့ ကိုယ်ကို ပြောင်းလဲဖို့ နည်းတွေ သုံးတဲ့ မီဒီယာမျိုးစုံပါတဲ့ ကဇာတ်ရုံအတွက် နာမည်ကျော်ပါတယ်။ တခြားလူတွေက သူတို့အကရဲ့ အခြေအမြစ်ကနေ အစွန်းအထိ ခွဲခွာခဲ့ပါတယ်။ အဓိကကတော့ ဂရေဟာမ်ရဲ့ အဓိက ကချေသည်တွေ။ ။ မဲစ် ကန်းနင်းဟမ်း၊ အဲရစ်ဟောကင်းနဲ့ ပေါ်လ် တေလာတို့ဖြစ်ပါတယ်။ သူတို့အလုပ်ကို လက်ခံမှုမှာလည်း ကွဲပြားမှုတွေ ရှိပါတယ်။

**မဲစ် ကန်းနင်းဟမ်း (Merce Cunningham) (**၁၉၁၉-၂၀၀၉**)** ဟာ လုပ်ရပ်တွေ၊ အသံတွေ၊ လှုပ်ရှားမှုတွေကို စိတ်ဝင်စားတဲ့ စမ်းသပ်သမားတယောက်ဖြစ်ပြီး မမျှော်လင့်ဘဲ ဂရေဟာမ်အဖွဲ့က ၁၉၄၅ မှာ ထွက်လိုက်ပြီး ၁၉၅၂ မှာ ကိုယ်ပိုင် အဖွဲ့ တည်ထောင်လိုက်ပါတယ်။ ကန်းနင်းဟမ်းဟာ ဂရေဟာမ်ရဲ့ ဇာတ်လမ်းပြောပုံကို ဆန့်ကျင်ပြီး ခံစားမှုတို့ ဇာတ်လမ်းတို့ မပါတဲ့ ရုပ်နာမ်မဲ့ ပုံစံကို ဖန်တီးပါတယ်။ ၁၉၅၀ ခုနှစ်တွေက ရှေးဦးဖြစ်ပေါ်မှုတွေမှာလည်းပါပြီး တီထွင်မှုတွေပါတဲ့ အမြင်အနုပညာသမားတွေ၊ ပရိသတ်ပါဝင်မှုတွေနဲ့ ပူးပေါင်းပြီး ဖျော်ဖြေပါတယ်။

ကန်းနင်းဟမ်းနဲ့ သူ့အဖော်/တွဲလုပ်သူ တေးရေးစပ်သူ ဂျွန်ကေ့ဂျ် (John Cage) ဟာ အကကို "**...**တိုက်ဆိုင်တဲ့ လုပ်ငန်းစဉ်တွေ – ဆိုလိုတာက ဂီတအသွင်နဲ့ပဲမဟုတ်ပဲ အပြောနဲ့ အကြောင်းအကျိုးသက်ရောက်မှု၊ ဇာတ်ရှိန်အမြင့်ဆုံးနဲ့ ဇာတ်ရှိန်အကျစတဲ့ အကတည်ဆောက်ပုံရဲ့ တခြားရိုးရာ အရာတွေကိုပါ –သုံးတာကို စွန့်ပယ်လိုက်တဲ့ ဆန်းသစ်တဲ့နည်းကို

စတင်လိုက်ပါတယ်။" [၁၁] ဂီတ၊ အဝတ်အစားနဲ့ ဇာတ်စင်ဒီဇိုင်းတို့ဟာ လှုပ်ရှားမှုနဲ့ အပ်စပ်မှု မရှိပါဘူး။ တီထွင်မှုရှိတဲ့ တေးစပ်သူတွေ၊ အမြင်အနုပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ကိုင်ခဲ့ပေမဲ့ သီးခြားလုပ်ကိုင်ကြပါတယ်။ ကန်းနင်းဟမ်းဟာ သေဆုံးသည်အထိ တီထွင်ခဲ့ပြီး အသက် ၉၀ အထိ ကကွက်ရေးခဲ့ပါတယ်။ လှုပ်ရှားမှုအတွက် အကြံရယူဖို့နဲ့ Radiohead နဲ့ Sonic Youth တို့ရဲ့ သီချင်းသစ်အတွက် ကွန်ပျူတာ ဆော့ဖ်ဝဲသုံးခဲ့ပါတယ်။ ကန်းနင်းဟမ်းဟာ ၁၉၅၂ ခုနှစ်မှာ BAM မှာ ပထမဆုံး ဖျော်ဖြေခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ မသေဆုံးခင် လအနည်းငယ်မှာ အဲဒီမှာ *Nearly Ninety* တင်ဆက်ခဲ့ပါတယ်။

**အဲရစ် ဟောကင်းစ် (Erick Hawkins)** (၁၉၀၉-၁၉၉၄) က သဘာဝကရတဲ့အကြံနဲ့ လှုပ်ရှားမှုတွေ တီထွင်ခဲ့ပါတယ်။ ဒါဟာ ဂရေဟမ်ရဲ့ နည်းနဲ့ ဆန့်ကျင်ဖက်ပါ။ **ပေါလ်တေလာ (Paul Taylor)** (မွေးနှစ် ၁၉၃၀) ဟာ လွတ်လွတ်လပ်လပ် စီးဆင်းမှု၊ ကွေ့ကောက်တဲ့ လှုပ်ရှားမှုတို့ပါတဲ့ နည်းတခု တီထွင်ခဲ့ပြီး ကကွက်အမျိုးမျိုးချဲ့ထွင်ခဲ့ပါတယ်။ သူ့ကကွက်တွေမှာ အမျိုးမျိုး ထည့်သွင်းထားတဲ့အတွက် နာမည်ကြီးပြီး အတွေးအခေါ်ကတွေကို ရှုပ်ထွေးတဲ့ပုံစံတွေ၊ သီချင်းစာသားတွေ၊ ဇာတ်လမ်းတွေ၊ အသိဉာဏ်တွေ၊ သရော်တာတွေ၊ လူမှုရေးနဲ့ စိတ်ပိုင်းဆိုင်ရာ ဝေဖန်ချက်တွေနဲ့ ပေါင်းစပ်ထားပါတယ်။

**ပဲလ် ပရီးမတ်စ် (Pearl Primus)** (၁၉၁၉-၁၉၉၄) ဟာ ၁၉၄၀ ခုနှစ်တွေမှာ သူမရဲ့ ပျော့ပြောင်းမှု၊ ရဲတင်းမှုတို့နဲ့ လူမည်းရိုးရာကို တိုးတက်စေခဲ့ပါတယ်။ သူ့အကတွေကနေ အာဖရိက ယဉ်ကျေးမှုနဲ့ အာဖရိက အမေရိကန်ဘဝတို့အကြောင်း – ရိုတ်သိမ်းတဲ့အကြောင်းဖြစ်တဲ့ *Hard Time Blues* နဲ့ လူမည်းတွေကို ရိုက်နှက်သတ်ဖြတ်ခြင်းဖြစ်တဲ့ *Strange Fruit* အကြောင်း – ပြောပါတယ်။ *Fanga* ဟာ လိုင်ဘေးရီးယားက ရိုးရာအကကို အခြေခံထားပါတယ်။ ဒန်းဟမ်းလိုပဲ သူဟာလဲ မနုဿ ပညာရှင် တယောက်ဖြစ်ပြီး အနောက် အာဖရိက အကကို အလေးထားပါတယ်။ ဒန်းဟမ်း၊ ပရီးမတ်စ်၊ ဒဖိုးရာ၊ ဒါမှမဟုတ် ဟော်တန် ဒါမှမဟုတ် ၁၉၅၀ တွေတုန်းက ပေါ်ထွက်လာတဲ့ Alvin Ailey American အကအဖွဲ့ ကိုဖွဲ့စည်းဖို့ ကာမင် ဒလာဗာလာဒေ (Carmen De Lavallade) နဲ့ ပူးပေါင်းခဲ့တဲ့ အယ်လ်ဗင် အိုင်လီ (Alvin Ailey) တို့ဆီက အကြံနဲ့ ပညာရခဲ့ပါတယ်။

**အကနဲ့ ယဉ်ကျေးမှုသတ်မှတ်မှုအဖြစ် အကကို "နိုး" လို့ပြောပါ (၁၉၆၀ ခုနှစ်များ)**
***စံပြများ။ ။ အီဗွန်း ရိန်းနား (Yvonne Rainer) နဲ့ အယ်လ်ဗင် အိုင်လီ (Alvin Ailey)***

*"ရင်သပ်ရှုမောစရာတွေ၊ အနုပညာကျွမ်းကျင်မှု၊ ပြောင်းလဲမှု၊ မျက်လှည့်၊ ပုံပြင်၊ ခန်းနားမှု၊ စူပါစတားလို့ အများမြင်မှု၊ ဟီးရိုးလုပ်မှု၊ လူဆိုးလုပ်မှု၊ အပေါ်စားအသွင်၊ သရုပ်ဖော်သူ ဒါမှမဟုတ် ကြည့်သူ၊ စတိုင်၊ စခန်း၊ သရုပ်ဆောင်သူက မာယာနဲ့ ပရိသတ်ကို ဆွဲဆောင်မှု၊ ထူးခြားမှု၊ လှုပ်ရှားမှု၊ လှုပ်ရှားခံရမှုတို့ကို နိုးလို့ပြောပါ။"* ~ အီဗွန်း ရိန်းနား (Yvonne Rainer)[၁၂]

*"ခေတ်ပေါ်အကအနေနဲ့ ရပ်တည်ဖို့ တခုတည်းသောနည်းက အကောင်းဆုံးပုံစံနဲ့ ကျယ်ပြန့်တဲ့ပရိသတ်ကို အကက[တဆင့်] အကပညာက တဆင့် အကနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဖြန့်[ဝေတာ] အမေရိကန် ခေတ်ပေါ်အကသမိုင်း ဖြန့်ဝေတာနဲ့ ဖျော်ဖြေမှုတို့ကတဆင့် အမျိုးမျိုးပေးတာပဲဖြစ်ပါတယ်။"* ~ အယ်လ်ဗင် အိုင်လီ (Alvin Ailey)[၁၃]

ခေတ်ပေါ်အကဟာ အနုပညာလောကမှာ နေရာရခဲ့ပြီဖြစ်ပေမဲ့ ပြောင်းလဲဖို့ အချိန်ဖြစ်နေပါတယ်။ ၁၉၆၀ ခုနှစ်တွေက ယူအက်စ်မှာ လူမှုရေး ပုန်ကန်မှုတွေ ယူလာခဲ့ပါတယ်။ ခေတ်ပေါ်အကဟာ ပိုနေမြဲကျားနေမြဲအခြေအနေကို စိန်ခေါ်မှုကို ဖော်ပြပြီး လွှမ်းမိုးခဲ့ပါတယ်။ ဥပမာ၊ ကန်းနင်းဟမ်းရဲ့ ကချေသည်တချို့က သူ့ရဲ့ သင်ကြားမှုတွေနဲ့ နည်းပညာကို အလေးထားမှုကို ငြင်းပယ်ခဲ့ပြီး ပို့စ်မော်ဒန် သမားတွေလို့ သိလာကြပါတယ်။

လွှမ်းမိုးမှုများတဲ့ **ဂျုဒ်စင် ပီးရီးယဒ် (Judson Period)** (၁၉၆၂-၁၉၆၈) ကို ခေတ်ရှေ့ပြေး တင်ဆက်သူတွေ ရှိတတ်တဲ့ နယူးယောက်မြို့ က ဂျုဒ်စင် ဘုရားကျောင်းကို အမှီပြုပြီး နာမည်ပေးထားတာပါ။ ဒေးဗစ် ဂေါ်ဒင်၊ အီဗွန်း ရိန်းနား၊ ထရစ်ရှာ ဘရောင်း၊ စတီဗ် ပက်စတင်နဲ့ ဒယ်ဘရာ ဟေးတို့အပါအဝင် – ဒီတော်လှန်ရေးသမားတွေက ကန်းနင်းဟမ်းနဲ့ ရောဘတ်ဒန်းတို့က ဂျုဒ်စင် ဘုရားကျောင်းမှာ ၁၉၆၂ ခုနှစ်တုန်းက ပထမဆုံး ဖျော်ဖြေပွဲတင်ဆက်တဲ့ လှုပ်ရှားမှု လုပ်ငန်းခွင်သင်တန်းတွေမှာ ဆုံကြပါတယ်။ တခြားပူးပေါင်းတဲ့ ကကွက်ဖန်တီးသူတွေထဲမှာ မဲရဒစ် မန့် (Meredith Monk)၊ လူစင်ဒါ ချိုင်း (Lucinda Childs) နဲ့ ကဲနက်ကင်း (Kenneth King) တို့ ပါပါတယ်။

**အီဗွန်း ရိန်းနား (Yvonne Rainer)** (မွေးနှစ် ၁၉၃၄) ဟာ သူမရဲ့ ၁၉၆၅ခုနှစ် “No Manifesto” မှာ ပို့စ်မော်ဒန် သမားတွေစိုးရိမ်နေတာတွေကို အတိုချုပ်ပြောထားပါတယ်။ ရိန်းနားရဲ့ ဆန်းသစ်တဲ့ *Trio A* ဟာ ဂျဒ်စင် ကကွက်ဖန်တီးသူ အများအပြား ရှာဖွေခဲ့ကြတဲ့ အကကိုလျှော့ချမှု ဒါမှမဟုတ် အနည်းဆုံးအသုံးချမှုတို့ကို နမူနာပြထားပါတယ်။ အရင်ကဆရာတွေနဲ့ မတူဘဲ ဒီ ၁၉၆၀ ခုနှစ်ကာလ ကကွက်ဖန်တီးသူတွေက အကရဲ့ သဘာဝကို စိန်ခေါ်ခဲ့ပါတယ်။ ပို့စ် မော်ဒန် သမားတွေက လှုပ်ရှားမှုကို ဖော်ပြမှုထက်ပြဿနာ အဖြေရှာမှုအဖြစ်ပို စိတ်ဝင်စားပါတယ်။ ကချေသည်မဟုတ်သူတွေနဲ့ နေ့စဉ်လှုပ်ရှားမှုတွေ သုံးပြီး ရိုးရာမဟုတ်တဲ့ နေရာတွေမှာ ဖျော်ဖြေပါတယ်။ တင်ဆက်သူတွေနဲ့ ပရိသတ်ကြား စည်းခြားမှုတွေကို မှေးမှိန်စေပါတယ်။ စတိဗ် ပက်စ်တင်နဲ့ တခြားလူတွေက –လှုပ်ရှားနေသူတွေအကြား အလေးချိန်အပေးအယူ –ထိစပ်မှုကို တီထွင်ခဲ့ကြပါတယ်။

၁၉၆၀ ခုနှစ်တွေက ခေတ်ပေါ်အကမှာ ပြန်ပေါ်လာတဲ့ မေးခွန်းတွေဖြစ်တဲ့။ ။ ခေတ်ပေါ်အကရဲ့ ရည်ရွယ်ချက်က လှုပ်ရှားမှုမှာ ပါတဲ့အရာတွေ၊ ကိုယ်ရေးကိုယ်တာ ဒါမှမဟုတ် ယဉ်ကျေးမှု ဖော်ပြမှု၊ ပုံပြင်ဇာတ်လမ်းပြောပြမှု ဒါမှမဟုတ် နိုင်ငံရေး/ယဉ်ကျေးမှု အကြောင်းတွေကို အလေးထားရမလား၊ လှုပ်ရှားမှုက သဘာဝကျရမလား ဒါမှမဟုတ် (ပညာပါပြီး အနုပညာကျွမ်းကျင်တဲ့) ဖန်တီးထားတာ ဖြစ်ရမလား၊ ဆိုတာတို့ကို အလေးထားပါတယ်။

အယ်လ်ဗင် အိုင်လီ၊ ဒေါ်နယ် မက်ကေးလ်၊ တယ်လီ ဘီးတီးနဲ့တခြားလူတွေ ဖြစ်တဲ့– အာဖရိက အမေရိကန်တွေက “အကဟာ အကအတွက်ပဲမဟုတ်ဘဲ ဒီလုပ်ငန်းစဉ်တခုလုပ်လုံးရဲ့ အစိတ်အပိုင်းဖြစ်တဲ့ လူတွေနဲ့ ဆက်သွယ်ဖို့”[၁၄] လို့ ပြောပါတယ်။ ၁၉၆၀ ခုနှစ်တွေက ပြည်သူ့အခွင့်အရေးများလှုပ်ရှားမှုက “လွန်ခဲ့တဲ့ တနှစ် နှစ်နှစ်ကလေးတင်က တစိတ်တဒေသပါဝင်ဖို့ ရုန်းကန်ခဲ့ရတဲ့ ရိုးရာတွေကို”[၁၅] မငြင်းပယ်ဖို့ရွေးချယ်ခဲ့တဲ့ လူမည်း ကကွက်ဖန်တီးသူအများအပြားအတွက် အကြံပေးခဲ့ပါတယ်။ ဒီထဲမှာ ၁၉၆၈ ခုနှစ်မှာ Dayton ခေတ်ပေါ် အကအဖွဲ့ တည်ထောင်ခဲ့တဲ့ ဂျယ်ရဒင်း ဘလန်ဒင် (Jeraldyne Blunden) ပါပါတယ်။ ဒါပေမဲ့ အီလီယို ပိုမဲ (Eleo Pomare)၊ ရော့ဒ် ရောဂျာ (Rod Rodgers)၊ အစ်ရှ်မေး ဟူစတင် ဂျုံးစ် (Ishmael Houston Jones)၊ ဘလွန်ဒဲလ် ကမ်းမင်းစ် (Blondell Cummings)နဲ့ ဂုစ် စောလမွန် ဂျူနီယာ (Gus Solomons jr) တို့ကိုတော့ ဂျဒ်စင်က လွှမ်းမိုးခဲ့ပါတယ်။

၁၉၆၀ ခုနှစ်တွေမှာ လွှမ်းမိုးမှုအရမ်းရှိတဲ့ ကကွက်ဖန်တီးသူတယောက် ပေါ်လာပါတယ်—**အယ်လ်ဗင် အိုင်လီ (Alvin Ailey) (၁၉၃၁-၁၉၈၉)**။ သူ့အဖွဲ့က ၁၉၆၀ ခုနှစ်တွေမှာ သမိုင်းနဲ့ ခေတ်ပေါ်အကြောင်းတွေထည့်သွင်းထားတဲ့ ထူးခြားတဲ့ ကကွက်တွေနဲ့ ထင်ရှားလာပါတယ်။ အဲဒီကတည်းက အယ်လ်ဗင်အိုင်လီအမေရိကန် ကဇာတ်က နိုင်ငံ ၇၀ ကျော်မှာ တင်ဆက်ခဲ့ပါတယ်။ အိုင်လီရဲ့ အာဖရိက အမေရိကန် ယဉ်ကျေးမှုအကြောင်း “သွေးနဲ့အမှတ်တရ”တွေက—*Blues Suite* နဲ့ *Revelations*—အရင်က ထက်ထူးခြားပြီး ကျော်ကြားခဲ့ပါတယ်။ *Revelations* မှာ ဝိညာဉ်ရေးရာတွေက ကချေသည်တွေနဲ့အတူ ခွဲခြားမှုရဲ့ ဒဏ်တွေနဲ့ ယုံကြည်ခြင်းရဲ့ အခန်းတို့ကို သရုပ်ဖော်ကြပါတယ်။ လူမည်းရိုးရာကို အလေးထားပြီး အလုပ်တွေထဲမှာ ကကွက်ဖန်တီးသူတွေရဲ့ အလုပ်အမျိုးမျိုး ထည့်သွင်းထားပါတယ်။ နှစ်ပေါင်း ၅၀ ကျော် အယ်လ်ဗင် အိုင်လီအမေရိကန်ကဇာတ်နဲ့ အိုင်လီကျောင်းတို့ဟာ ဒန်းဟမ်၊ ပရီးမတ်စ်နဲ့ မက်ကေးလ် တို့ရဲ့ အလုပ်တွေနဲ့ ခေတ်ပေါ်အကဖန်တီးသူ အနုပညာရေးရာ ဒါရိုက်တာ ဂျူးဒစ် ဂျမစင် (Judith Jamison)၊ DanceMotion USA℠ ကကွက်ဖန်တီးသူတွေဖြစ်တဲ့ ဂျဝိုးလေ ဝီလာဂျို ဇိုလာနဲ့ ရော်နယ် ကေဘရောင်း၊ ဂျော့ ဖိုင်စင်၊ ဘီလ် တီဂျုံး၊ ယူလစ်စီး ဒဗ်နဲ့ တခြားလူတွေရဲ့ အလုပ်တွေကို တင်ဆက်ပေးတဲ့ နေရာဖြစ်ခဲ့ပါတယ်။

အကကနေတဆင့် တိုင်းရင်းသားတွေဟာ မိမိဘယ်သူဘယ်ဝါဖြစ်ကြောင်း ရှာဖွေမှုဟာလည်း အာဖရိက အမေရိကန်တွေ အတွက်သာမက တခြားတိုင်းရင်းသား နောက်ခံရှိသူတွေအတွက်ပါ ကြီးထွားလာပါတယ်။ ဂရေဟမ်ရဲ့ တပည့်တွေဖြစ်တဲ့ မာစလို (Maslow) နဲ့ လန်း( Lang) တို့က ဂျူးယဉ်ကျေးမှုနဲ့ အာရှ အမေရိကန်ဖြစ်တဲ့ ကေ တာကေ (Kei Takei) တို့က ဂျပန် လှုပ်ရှားမှုပုံစံနဲ့ ဇာတ်ကြောင်းတွေကို သူတို့အလုပ်တွေမှာ အခြေခံထားပါတယ်။

ခေတ်ပေါ်ဝါဒ နောက်ပိုင်းနှင့် ပေါင်းစပ်နေသည့် ပုံစံများ (၁၉၇၀ ခုနှစ်များ)

***စံပြများ။ ။ ထရစ်ရှာ ဘရောင်း (Trisha Brown)၊ တဝိုင်လာ သာပ် (Twyla Tharp)နဲ့ ဒိုင်ယမ်း မက်ကင်တိုင်ယာ (Dianne McIntyre)***

*“ဟာသညာဏ်ရှိတဲ့ အုတ်ခဲစီသမားတယောက်လို ကျမပြောဆိုတယ်လို့ ထင်လာတဲ့အခါ ရှင်ကျမရဲ့ အလုပ်ကို စနားလည်လာလို့ပါပဲ။”* ~ ထရစ်ရှာ ဘရောင်း (Trisha Brown) [၁၆]

*"လမ်းလျှောက်ချင်လျှောက် ပြေးချင်ပြေး – ကရင်တော့ အကျင့်မကောင်းလို့ပဲ။"* ~ တဝိုင်လာ သာပ် (Twyla Tharp) [၁၇]

*"ဇာတ်ကြောင်းတွေ၊ ဂီတအတွေးအခေါ်တွေနဲ့ လှုပ်ရှားမှုပုံစံတွေက အမေရိကက လူမည်းတွေရဲ့ ဘဝနဲ့ ယဉ်ကျေးမှုက ကျမရဲ့ အတွေ့အကြုံကနေ ပေါင်းစပ်ပြီး ဖော်ထုတ်ထားတာပါ။"* ~ ဒိုင်ယန်း မက်ကင်တိုင်ယာ (Dianne McIntyre)[၁၈]

၁၉၆၀ ခုနှစ်တွေက စမ်းသပ်သမားတွေက ၁၉၇၀ ခုနှစ်တွေအထိ ဆက်လှုပ်ရှားခဲ့ပါတယ်။ ဂျဒ်စင် အဖွဲ့ဝင်တွေထဲက စတီဗ် ပက်စ်တင်၊ ဒေးဗစ် ဂေါ်ဒန်၊ အီဗွန်း ရိန်းနားနဲ့ ထရစ်ရှာ ဘရောင်းတို့က ပူးပေါင်းပြီး The Grand Union အဖြစ် ထွက်ပေါ်လာပြီး ဂျဒ်စင် အတွေးအခေါ်ကို ချဲ့ခဲ့ပါတယ်။ ကကွက်ဖန်တီးသူတွေက ခေတ်ပေါ်အကမှာ နှစ်ခု ကွဲနေတတ်ပါတယ်။ ။ နည်းပညာနဲ့ အကဆန့်ကျင်မှု/နည်းပညာ။ နည်းပညာ ဒါမှမဟုတ် ဇာတ်လုပ်သူတွေ (လား လူဗိုဗစ်၊ ဂျနီဖာ မာလာ၊ လူစင်ဒါ ချိုင်း၊ တွာလာ သာပ်) တို့က နည်းပညာလိုတဲ့ ကကွက်တွေ ဖန်တီးပါတယ်။ မဲရဒစ် မန့်၊ မာသာ ကလာခ်၊ လော်ရာ ဒီးန်၊ အဲလစ်ဇာဘက် စထရက်၊ ပီလိုဘိုလပ်စ်နဲ့ အာနာ ဟယ်လ်ပရင်စတဲ့– ကျန်သူတွေအတွက် ရည်ရွယ်ချက်က အက *အတွေးအခေါ်*ကို ပြန်တီထွင်ဖို့ပါပဲ။ [၁၉]

၁၉၆၀–၇၀ ခုနှစ်က အကမပါတဲ့ အနုပညာအလှအပကို စမ်းသပ်နေသူ ကကွက်ဖန်တီးသူ အများအပြားဟာ နည်းပညာကျွမ်းကျင်မှု၊ အပြောနဲ့ ဘဲလေးကို ကြိုဆိုသူတွေအဖြစ် ပြောင်းလဲသွားပါတယ်။ DanceMotion USA℠ အဖွဲ့ ODC/Dance ဟာ "လမ်းပေါ်မှာ ဆယ်နှစ်လောက် လေ့လာပြီးတော့ အနုပညာနည်းပညာကျွမ်းကျင်မှု၊ ခေတ်ရှေ့ပြေးအကမှာပါတဲ့ အပြောအဆိုကို ပြန်လာပြီး အဓိကအရင်းအမြစ်တွေကို ဘာသာရပ်တွေပူးပေါင်းမှုနဲ့ ဂီတစီစဉ်မှုတွေအတွက် ခံဝန်ချက်ထားတဲ့ ပထမဆုံး အမေရိကအဖွဲ့တွေထဲက တဖွဲ့ဖြစ်ပါတယ်။" [၂၀] ထရစ်ရှာ ဘရောင်း၊ လူစင်ဒါ ချိုင်းနဲ့ တွိုင်လာ သာပ်တို့က နည်းပညာဆီ ပြန်သွားကြပါတယ်။

**ထရစ်ရှာ ဘရောင်း (Trisha Brown)** (မွေးနှစ် ၁၉၃၆) ဟာ ၁၉၇၀ မှာ သူမရဲ့ အဖွဲ့ကို ဖွဲ့ပါတယ်။ သူမရဲ့ ဆော့ကစားပြီး ခန့်မှန်းလို့မရတဲ့ ကကွက်တွေက နေရာပေါ်မူတည်တဲ့ အလုပ်ကနေ အော်ပရာ အစအဆုံးအထိ ရှိပါတယ်။ သူ့အလုပ်မှာ အမြင်အနုပညာရှင် ရောဘတ် ရောင်ရှင်ဘတ် (Robert Rauschenberg)နဲ့ တေးစပ်သူ (Laurie Anderson) တို့အပါအဝင် ဘာသာရပ်အမျိုးမျိုး ပေါင်းစပ်ထားမှု တွေ့ရပါတယ်။[21]

**တွိုင်လာ သာပ် (Twyla Tharp)** (မွေးနှစ် ၁၉၄၁) ဟာ ဂျဒ်စင်သမားတွေ ပယ်လိုက်တဲ့ – အကက အနုပညာနည်းပညာ ကျွမ်းကျင်မႈ၊ ဘဲလေးကို ခေတ်ပေါ်အကနဲ့ ပေါင်းစပ်မှုတို့ကို ပြန်ယူဆောင်လာပြီး "[အမေရိကန်အကကို] အနှစ် ၅၀ ကျော် တည်မြဲစေတဲ့ တိုင်နှစ်တိုင်"[၂၂] ကို ပေါင်းစပ်ခဲ့ပါတယ်။ *Deuce Coupe* ဟာ Beach Boys ရဲ့ လူကြိုက်များတဲ့ သီချင်းအပေါ် အခြေခံထားပြီး အဖွဲ့ဝင် ခြောက်ယောက်နဲ့ ဘဲလေးကချေသည် ၁၄ ယောက်တို့ ပါပါတယ်။

လူမည်းအကရိုးရာမှာ "သူတို့အလုပ်တွေမှာ တူညီတာတွေ တွေ့ရနိုင်ပေမဲ့ ခေတ်ပေါ်အကက အာဖရိက အမေရိကန်တွေက အနုပညာသည် တယောက်နဲ့တယောက် ကွာခြားတဲ့ ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ အရင်ကနဲ့ မတူ သူတို့ကို သူတို့ ဖော်ပြနေခဲ့တာပါ။"[၂၃] **ဒိုင်ယန်း မက်ကင်တိုင်ယာ (Dianne McIntyre) ရဲ့** (မွေးနှစ် ၁၉၄၆) အဖွဲ့ Sounds in Motion ဟာ ၁၉၇၀ ခုနှစ်တွေမှာ ပေါ်ထွက်လာပြီး ဂီတနဲ့ လှုပ်ရှားမှုကို ပေါင်းစပ်ပြီး (ကျွန်စနစ်၊ လူမည်းတွေ မြောက်ပိုင်းကို ရွှေ့ပြောင်းမှု) ဇာတ်လမ်းတွေ ပြောပါတယ်။ Jawole Willa Jo Zollar, founder of DanceMotion USA℠ ကို တည်ထောင်သူနဲ့ Urban Bush Women မှာပါဝင်သူ ဂျဝိုးလေ ဝီလာ ဂျိုဇိုလာတို့က မက်ကင်တိုင်ယာနဲ့ သင်ကြားခဲ့ပါတယ်။

အဲဒီကာလက တခြား ကကွက်ဖန်တီးသူတွေနဲ့ ဒါရိုက်တာတွေထဲမှာ ဘလွန်ဒဲ ကန်းမင်း၊ ဂျီးဟောလ် ကချေသည်များ၊ George Faison Universal Dance Experiment၊ ဂျုံမိုင်ယားဘရောင်း (Philadanco)၊ ကလီယို ပါကာ ရော်ဘင်စင် အကအဖွဲ့၊ အဲန် ဝီလီယမ် (Dallas Black Dance Theatre) နဲ့ Garth Fagan Dance တို့ ပါပါတယ်။

**ကွဲပြားသည့် အနုပညာအလှအပများနှင့် ကိုယ်ရေးရာဇဝင်များ ကပြခြင်း (၁၉၈၀ ခုနှစ်များမှာ ယနေ့အထိ)**

***စံပြများ။ ။ ဘီလ် တီ ဂျုံး (Bill T. Jones) နဲ့ မတ်မောရစ် (Mark Morris)***

*"ဘဝနဲ့ အတွေ့အကြုံတွေဟာ အနုပညာသမားဆီဝင်ပြီး သူတို့ဟာ တခုခု ထုတ်လုပ် – ဖန်တီးရတယ်လို့ ထင်ပါတယ်။ ဒါကြောင့် လိင်နဲ့ ဝိဉာဉ်ရေးရာ အနုပညာဖန်တီးမှုတွေ ပေါ်လာတယ်လို့ ထင်ပါတယ်။"* ~ ဘီလ် တီဂျုံး (Bill T. Jones)[၂၄]

*"ကျနော့်ဟာတွေက များသောအားဖြင့် ရိုးနေပုံရတယ်။ ပျင်းစရာကောင်းတယ်လို့ ဆိုလိုတာမဟုတ်ဘူး။ မှန်တယ်လို့ဆိုလိုတာ၊ ဒီတော့ အဲဒါက ကျနော့်အလုပ်လည်း ဟုတ်တယ်။ ပြောချင်တာက အတားအဆီးမြင်ရင် ဘာလုပ်မလဲ။ ကျော်သွားရမယ်။ ဖဲကြိုးတွေ့ရင် ဘာလုပ်မလဲ။ ဝှေ့ယမ်းမယ်။ ဒီတော့ ကျနော်လည်း အမှန်တရားတခုနောက်လိုက်တာပါ။"* ~ မတ် မောရစ် (Mark Morris)[၂၅]

ခေတ်ပေါ်အကတီထွင်သူ ဒီနောက်မျိုးဆက်ဟာ အကနည်းအမျိုးမျိုးနဲ့ သဘောထားအမျိုးမျိုးကို ကိုင်တွယ်ခဲ့ကြပါတယ်။ ၁၉၈၀–၉၀ တွေမှာ မိမိတို့ရဲ့ သမိုင်းနဲ့ ဘယ်သူဘယ်ဝါဖြစ်ကြောင်းအကြောင်းအရာတွေနဲ့ရုန်းကန်ရင်း၊ စာသား၊ ဂီတ၊ ဇာတ်စင်နဲ့ အဝတ်အစား ဒီဇိုင်းနဲ့ မီဒီယာအမျိုးမျိုး၊ နည်းပညာအမျိုးမျိုးတို့မှာ လှုပ်ရှားရင်း အကကို တင်ဆက်ဖို့ နည်းသစ်တွေ ရှာခဲ့ပါတယ်။

၁၉၈၀ ခုနှစ်တွေမှာ **ဘီလ် တီဂျုံး (Bill T. Jones)** (မွေးနှစ် ၁၉၅၂) ဟာ "လူမည်းအက" က သတ်မှတ်လို့သိပ်မရနိုင်တဲ့ အလုပ်တွေ ဖန်တီးခဲ့ပါတယ်။ (စင်အပြင်မှာ အဖော်ဖြစ်သူ) အာနီဇိန်း (Arnie Zane) နဲ့ ၁၁ နှစ် အတူတူ ကပြပြီးနောက် Bill T. Jones/Arnie Zane အကအဖွဲ့ကို ၁၉၈၃ မှာ အထိအတွေ့တီထွင်မှု၊ ကိုယ်ရေး ဇာတ်လမ်း၊ လူမှုရေးဝေဖန်ချက်၊ စာသား၊ တခြားအရာတွေ သုံးပြီး တည်ထောင်ခဲ့ပါတယ်။ သူတို့ရဲ့ လူမျိုးကွဲဆက်ဆံရေးက အထောက်အကူဖြစ်ပေမယ့် အလုပ်တွေမှာ အကြောင်းအရာနဲ့ ပုံစံတို့ ကွာခြားပါတယ်။ (အမေရိကန် သမတ အာဘရာဟမ် လင်ကွန်းရဲ့ ဘဝကို အခြေခံထားတဲ့) *Fondly Do We Hope... Fervently Do We Pray* အပါအဝင် အလုပ်အများအပြားကို အာဖရိက အမေရိကန် သမိုင်းမှာ အခြေခံထားပါတယ်။ *Still/Here* လို (ဇိန်းရဲ့ အသက်ယူလိုက်တဲ့) AIDS နဲ့ ရင်ဆိုင်ရတဲ့အခါ အသက်ရှင်ပုံကို လေ့လာထားတဲ့ ခက်ခဲတဲ့အကြောင်းအရာတွေကို ဂျုံးကိုင်တွယ်ခဲ့ပါတယ်။

**မတ် မောရစ် (Mark Morris)** (မွေးနှစ် ၁၉၅၆) ဟာ မတ်မောရစ် အကအဖွဲ့ကို ၁၉၈၀ မှာ တည်ထောင်ခဲ့ပြီး အမျိုးအစား ကွဲပြားမှုနဲ့ ဂီတတို့အတွက် ဂုဏ်ပြုခံရပါတယ်။ သူ့အလုပ်တွေမှာ တကိုယ်တော်ကနေ အတွေအခေါ် အရှည်၊ ဘဲလေးနဲ့ အော်ပရာ အဖွဲ့တွေအတွက် ကကွက်ဖန်တီးမှုတွေ ပါပါတယ်။ ကကွက်ရှည်တွေမှာ *The Hard Nut* (*The Nutcracker* ကို ခေတ်ပေါ် ပုံစံနဲ့ ဖန်တီးထားတာ), *L'Allegro, il Penseroso ed il Moderato* နဲ့ *Dido and Aeneas* တို့ ပါပါတယ်။

ရှေးဦး ခေတ်ပေါ်အကဟာ ဘဲလေးကို ဆန့်ကျင်ပြီး ကိုယ့်ကိုယ်ကို သတ်မှတ်ခဲ့ပေမဲ့ ဆယ်စုနှစ်ပေါင်းများစွာအပြီးမှာ ခေတ်ပေါ်အကနဲ့ ဘဲလေးဟာ တခုအပေါ် တခု အပြန်အလှန် လွှမ်းမိုးလာကြပါတယ်။ တွိုင်လာ သာပ်၊ မတ် မောရစ်နဲ့ ထရစ်ရှာ ဘရောင်းတို့လို ခေတ်ပေါ်ကကွက် အဓိကဖန်တီးသူတွေဟာ ဘဲလေးနဲ့ အော်ပရာအတွက် လုပ်ပေးလေ့ရှိပါတယ်။ အရင်က ဟုမ်းနဲ့ တမီရစ်တို့လို ခေတ်ပေါ် ကချေသည်တွေက Broadway အတွက်ကကွက်ဖန်တီးပေးခဲ့ပါတယ်။ ဒီနေ့ တွိုင်လာ သာပ် (*Movin' Out*, *Come Fly Away*, etc.)၊ ဂါသ် ဖေဂင် (Garth Fagan) (*The Lion King*) ၊ ကာရိုး အာမစ်တေ့ဂျ် (Karole Armitage) (*Hair* and *Passing Strange*)နဲ့ ဘီ တီဂျုံးစ် (*Spring Awakening* and *Fela!*) တို့က ဂီတဇာတ်တွေအတွက် ဆုရ ကကွက်တွေ ဖန်တီးနေတာနဲ့အမျှ ခေတ်ပေါ်အကဟာ Broadway မှာ ပိုပြီး သက်ရောက်မှု ရှိလာပါတယ်။

ဒီနေ့ –မာသာ ဂရေဟာမ်၊ မဲစ် ကန်းနင်းဟမ်း၊ ပေါ တေလာ၊ ဘီ တီဂျုံး/အာနီဇိန်း၊ တွိုင်လာ သာပ်၊ မတ်မောရစ်၊ ထရစ်ရှာ ဘရောင်နဲ့ အယ်လ်ဗင် အိုင်လီတို့လို– တီထွင်သူ ကကွက်ဖန်တီးသူတွေနဲ့ အဖွဲ့တွေဟာ ဆက်ပြီး လွှမ်းမိုးဖို့ ကြိုးစားနေပါတယ်။ လမ်းပြသူတွေရဲ့ ခြေလှမ်းအတိုင်းလိုက်ရင်း ဒါမှမဟုတ် အံ့ဩစရာကောင်းတဲ့နည်းတွေနဲ့ တီထွင်ဖန်တီးရင်း ရာပေါင်းများစွာသော အမေရိကန် ခေတ်ပေါ်အက ကကွက်ဖန်တီးသူတွေဟာ အခု ယူအက်စ်နဲ့ နိုင်ငံခြားမှာ လုပ်ပေးနေပါတယ်။ အမေရိကန် အကမှာ နောက်ပိုင်း ပါဝင်လသူတွေထဲမှာ စူဇန် မာရှယ် (Susan Marshall)၊ စာရာ မိုင်ကယ်စင် (Sarah Michelson)၊ အလွန်ဇို ကင်း (Alonzo King)၊ ရယ်နီ ဟဲရစ် (Rennie Harris)၊ ဘီဗာ မီလာ(Bebe Miller)၊ လူလာ ဝါရှင်တန် (Lula Washington)၊ ဂျွန် ဂျက်စ်ပါစ် (John Jasperse)၊ ဒေးဗစ် ရူးစက် (David Rousseve)၊ ယိုရှီကို ချူမာ (Yoshiko Chuma)၊ ဒတ် ဗေရွန် (Doug Varone)၊ အက်ဒဲ အာရ် စလမ် (Abdel R. Salaam)၊ ဝါလီ

ကာဒိုနာ (Wally Cardona)၊ ဂျိန်း ကမ်းဖို့ (Jane Comfort)၊ ဒေးဗစ် ပါစင် (David Parsons)၊ မိုလစ်စာ ဖင်လီ (Molissa Fenley)၊ ဒေးဗစ် ဒေါ့ဖ်မန် (David Dorfman)၊ အန်နီ ဘီ ပါစင် (Annie B. Parsons)၊ ဂျိုး ဂုဒ် (Joe Goode)၊ ဒေါ်နာ ယူချီဇိုနို (Donna Uchizono)၊ စတီဗင် ပထရိုနီယို (Stephen Petronio)၊ တယ်ရီ အိုကော်နာ (Tere O’Connor)၊ မီဂွဲ ဂူတီရက်ဇ် (Miguel Gutierrez)၊ နိုရာ ချီပေါင်မိုင်ရာ (Nora Chipaumire) နဲ့ အများအပြား ပါဝင်ပါတယ်။

ဒီဆောင်းပါးမှာ အမေရိကန်ခေတ်ပေါ်အက ဖန်တီးသူတွေကို အလေးထားထားပါတယ်။ သူတို့ဟာ အစကနေ ကမ္ဘာပတ်ခဲ့ပြီး တခြားယဉ်ကျေးမှုတွေကို လေ့လာပြီး ထည့်သွင်းထားခဲ့ပါတယ်။ ဒီနေ့ နိုင်ငံတကာ ဖလှယ်မှုဟာ ပိုမြန်လာပြီး အကလောကကို ပိုပြီး ကြွယ်ဝစေပါတယ်။ အမေရိကန်အကအပေါ် လွှမ်းမိုးမှုတွေထဲမှာ ဘူတို (Butoh) (Japan)၊ the tanztheater of Pina Bausch (Germany), ကဏ္ဍာဝင်မြောက် အိန္ဒိယအက (ရာကမာလာ ဂီတနဲ့ ဘာရာတာနာတီယမ် ပေါင်းစပ်မှုနဲ့ ကဇာတ်)၊ တရုပ်အက (ရှင်ဝေ အကအနုပညာ) နဲ့ ကပိုဝဲလားနဲ့ တခြား တောင်အမေရိက အကနဲ့ လှုပ်ရှားမှုပုံစံတွေ (Bruno Beltrão/Grupo de Rua of Brazil နဲ့ DanceBrazil) တို့ပါပါတယ်။

ခေတ်ပေါ် လူမည်း ကကွက်ဖန်တီးသူတွေက အာဖရိက အဖွဲ့တွေနဲ့ ပူးပေါင်းပြီး အမျိုးအစားတွေ ပိုများပြားစေခဲ့ပါတယ်။ ဥပမာ၊ Urban Bush Women နဲ့ Reggie Wilson/Fist & Heel Performance Group က စီနီဂေါက အဖွဲ့တွေဖြစ်တွေ (Germaine Acogny’s Compagnie Jant-Bi ပြီးတော့ Andréya Ouamba’s Compagnie 1er Temps) နဲ့ အတူ ကကွက်တွေ ဖန်တီးခဲ့ပြီး ရပ်ဖ် လီမွန် (Ralph Lemon) က ကုတ်ဒဗွားနဲ့ ဂီနီ နဲ့ အိန္ဒိယ၊ ဂျပန်၊ တရုပ်နဲ့ ထိုင်ဝမ်တို့က ကချေသည်တွေနဲ့ သူ့ရဲ့ *Geography Trilogy* မှာ အတူလုပ်ကိုင်ခဲ့ပါတယ်။

**နိဂုံး။ ။ ခေတ်ပေါ်အကဆိုတာ ဘာလဲ။**

ခေတ်ပေါ်အကဆိုတဲ့စကားမှာ ပုံစံအမျိုးမျိုး၊ အကြောင်းအရာ အမျိုးမျိုး ပါပါတယ်။ အကြောင်းအရာတချို့နဲ့ လက္ခဏာတချို့က ရာဇဝင်မှာ ထပ်တလဲပါပါတယ်။ ခေတ်ပေါ်အကမှာ လှုပ်ရှားမှု ဝေါဟာရ ဒါမှမဟုတ် ပုံစံမဟုတ်ဘဲ ရှုထောင့်အမြင် ပေါ်ထွက်လာပါတယ်။ ကိုယ်ပိုင်းရဲ့ ဖော်ပြနိုင်တဲ့အလားအလာ ဒါမှမဟုတ် ကမ္ဘာမြေကြီးဆွဲငင်အားကို ဆန့်ကျင်မယ့်အစား အသိအမှတ်ပြုတာတို့လို– ယေဘုယျအားဖြင့် ပိုကြိုက်တဲ့လှုပ်ရှားမှုတွေ ရှိပါတယ်။ ဒါပေမဲ့ ဒါတွေကလည်း နေရာတကာ တူညီတာ မဟုတ်ပါဘူး။ ခေတ်ပေါ်အကကို ဝေါဟာရ ကျွမ်းကျင်မှုနဲ့ သတ်မှတ်တာ မဟုတ်ဘဲ ဖော်ပြမှုပုံစံနဲ့ သတ်မှတ်ပါတယ်။ တီထွင်မှု၊ ကိုယ်ရေးကိုယ်တာနဲ့/ ဒါမှမဟုတ် ယဉ်ကျေးမှု အမှတ်အသားနဲ့ လူမှုရေး သက်ဆိုင်မှုတို့ဟာ ထပ်တလဲပေါ်လာတဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။

လှုပ်ရှားဖို့၊ ဇာတ်လမ်းပြောဖို့ ဒါမှမဟုတ် အချက်တချက် ပြောဖို့အကြောင်းရင်းတွေကြောင့် ကကွက်ဖန်တီးလိုစိတ်ပေါ်လာတာ ဖြစ်နိုင်ပါတယ်။ ဒီအမျိုးအစားက နည်းပညာကျွမ်းကျင်မှုနဲ့ သဘာဝကျတဲ့ နေ့စဉ်လှုပ်ရှားမှုတွေကို ကြိုဆိုပါတယ်။ ခေတ်ပေါ်အကက အတွေးအခေါ်တွေနဲ့ တခြားယဉ်ကျေးမှုတွေက လွှမ်းမိုးမှုတွေကို ကြိုဆိုလက်ခံပါတယ်။ သမိုင်းဖန်တီးသူတွေက အထင်အရှား ပြသလို ခေတ်ပေါ်အကဟာ အမြဲရွေ့လျားနေ၊ ပြောင်းလဲနေပြီး ပြန်လည် တီထွင်နေပါတယ်။ ပြန်လည်အနက်ကောက်ယူမှု၊ ကိုယ့်ကိုယ်ကို ဖော်ပြမှု၊ တီထွင်မှုတို့ကို တန်ဖိုးထားပြီး လူသားတွေရဲ့ အခြေအနေကို မီးမောင်းထိုးပြပါတယ်။ တွိုင်လီ သာပ်က။ ။ “ခေတ်ပေါ်ဆိုတာက ပိုလျော့နည်းတာ မဟုတ်ပါဘူး။ ခေတ်ပေါ်ဆိုတာက ပိုများလာတာပါ။ အရင်က လုပ်ပြီးခဲ့တာတွေ အပြင်ပါ။”လို့ အကျဉ်းချုပ်ပြောထားပါတယ်။”[၂၆]

ရှာမိန်း ပထရစ်ရှာ ဝါရင် (Charmaine Patricia Warren) နဲ့ စူဇန်း ယန်းဂါးမန် (Suzanne Youngerman) တို့ ရေးသားချက်များ

၁
Duncan, Isadora. *The Art of the Dance*, ed. Sheldon Cheney က နိဒါန်း ရေးထားပါတယ်။ (New York: Theatre Arts) ၁၉၂၈၊ စာမျက်နှာ ၄၉

၂
Dancemotionusa.org

၃
Mazo, Joseph H. *Prime Movers: The Makers of Modern Dance in America*, (New York: William Murrow and Company, Inc.), ၁၉၇၇၊ စာမျက်နှာ ၃၆

၄
http://www.jacobspillow.org/exhibits-archives/history/

၅
Mazo, စာမျက်နှာ ၁၅၄

၆
Cass, Joan. *Dancing through History*, (New Jersey: Prentice-Hall, Inc.), ၁၉၉၃၊ စာမျက်နှာ ၃၀၂

၇
http://www.odcdance.org

၈
Perpener, John O. III. *African-American Concert Dance: The Harlem Renaissance and Beyond*,(Urbana and Chicago*:* University of Illinois Press, 2001)၊ စာမျက်နှာ ၁၈၉

၉
Reynolds, Nancy and Malcolm McCormick. *No Fixed Points: Dance in the Twentieth Century*, (New Haven: Yale University Press, 2003) ၊ စာမျက်နှာ ၃၄၆

၁၀
Cunningham, Merce (Jacqueline  Lesschaeve နှင့် စကားပြောဆိုချက်). *The Dancer and the Dance*, (New York: Marion Boyars Inc., 1985)၊ စာမျက်နှာ ၇၇

၁၁
http://www.merce.org/about.html

၁၂
Banes, Sally. *Terpsichore in Sneakers: Post-Modern Dance*, (Boston: Houghton Mifflin Company, 1979) ၊ စာမျက်နှာ ၄၃

၁၃
DeFranz, Thomas. *Dancing Revelations: Alvin Ailey's Embodiment of African American Culture*, (New York: Oxford University Press, 2004) ၊ စာမျက်နှာ ၅၁

၁၄
Perpener ၊ စာမျက်နှာ ၂၀၅

၁၅
Perpener ၊ စာမျက်နှာ ၂၀၅

၁၆
http://www.trishabrowncompany.org/

၁၇
Reynolds and McCormick, p. 421

၁၈
Warren, Charmaine Patricia။ ကိုယ်တိုင် တွေ့ဆုံမေးမြန်းမှု၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇

၁၉
Penrod, James and Janice Gudde Plastino. *The Dancer Prepares: Modern Dance for Beginners*, (Irvine: Mayfield Publishing Company, 1998) ၊ စာမျက်နှာ ၆၁

၂၀
http://www.odcdance.org/dancecompany.php

၂၁
http://www.trishabrowncompany.org/

၂၂
Reynolds and McCormick ၊ စာမျက်နှာ ၄၉၂

၂၃
Perpener ၊ စာမျက်နှာ ၂၁၁

၂၄
Bacon, Julie. "Tracing the language of Bill T. Jones." *The Drama Review*၊ အတွဲ ၂၉၊ နံပါတ် ၂ (T186) ၂၀၀၅ ခုနှစ် နွေ

၂၅
Acocella, Joan. *Mark Morris. (*New York: The Noonday Press, 1983) ၊ စာမျက်နှာ ၆၅–၆၆

၂၆
PBS က ရှစ်ပိုင်းခွဲပြီး တင်ဆက်မှု *Dancing*. *Dancing* #7 "The Individual and Tradition. Geoff Dunlop နဲ့ Jane Alexander တို့ ထုတ်လုပ်မှု၊ (Gerald Jonas နဲ့ Rhoda Grauer တို့က ရုပ်မြင်သံကြားစာသားရေးသည်၊ Rhoda Grauer က ဇာတ်လမ်းရေးသည်၊ ဇာတ်လမ်းတင်ဆက်သူ Raoul Trujillo၊ ၁၉၉၃